# ပညာသင်ဆုအတွက် လျှောက်လွှာတင်ရန်
# CICF ထံမှ

## CICF ဆိုသည်မှာ အဘယ်နည်း။

CICF သည် အင်ဒီယားနား အလယ်ပိုင်း လူစုအသိုင်းအဝိုင်း ဖောင်ဒေးရှင်းအဖွဲ့ Central Indiana Community Foundation ၏ အတိုကောက် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် နှစ်ပေါင်း 100 ရှိသည့် လူစုအသိုင်းအဝိုင်း ဖောင်ဒေးရှင်းအဖွဲ့ဖြစ်ပြီး The Indianapolis Foundation နှင့် Hamilton County Community Foundation အဖွဲ့နှစ်ဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်မှုရှိသည်။ ကျွန်ုပ်တို့ ခံယူထားသည့်တာဝန်သည် မည်သည့်နေရာ၊ လူမျိုး သို့မဟုတ် ခံယူချက်မျိုးမဆို လူပုဂ္ဂိုလ်အားလုံး၏ ဘဝများပြည့်စုံစွာ နေထိုင်ရှင်သန်နိုင်ရေးအတွက် တန်းတူအခွင့်အရေး ရှိသော လူ့အသိုင်းအဝိုင်းတစ်ခု ဖြစ်ပေါ်စေရန်အတွက် လူများ၊ အကြံဉာဏ်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို စည်းရုံးရန်ဖြစ်ပါသည်။

CICF သည် ပညာသင်ဆု ရံပုံငွေအမျိုးအစားပေါင်း 100 ကျော်ကို စီမံခန့်ခွဲပြီး ဆုချီးမြှင့်ရန်ငွေ $500 မှ ကျောင်းစရိတ်ငြိမ်းသည့်အထိ ဆုအမျိုးအမျိုး ရှိသည်။ ဤပညာသင်ဆုများကို အသိအမှတ်ပြုထားသည့် ကောလိပ်ကျောင်း၊ တက္ကသိုလ်ကျောင်း၊ နည်းပညာကျောင်း၊ သက်မွေးဝမ်းကျောင်းသင်တန်း သို့မဟုတ် လုပ်ငန်းသင်တန်းကျောင်းများတွင် အသုံးပြုနိုင်ပြီး သင်နှင့် သင့်ပညာသင်ကြားရေး အိပ်မက်များအကြား ငွေကြေးဆိုင်ရာ အဟန့်အတားများကို ကျော်ဖြတ်နိုင်ရန်အတွက် ကူညီပံ့ပိုးခြင်းဖြစ်ပါသည်။

## မည်သို့လျှောက်လွှာတင်ရသနည်း။

ပညာသင်ဆု လျှောက်လွှာတင်ရန် နောက်ဆုံးသတ်မှတ်ထားသော ရက်စွဲများသည် တစ်ခုနှင့်တစ်ခု ကွဲပြား၍ ကျွန်ုပ်တို့၏ဝဗ်ဆိုက် www.cicf.org/scholarships တွင် အသေးစိတ်အချက်အလက် များကိုကြည့်ရှုပါ။

1. www.cicf.org/scholarships တွင်ကြည့်ရှုပြီး ကျွန်ုပ်တို့၏ ပညာသင်ဆု လမ်းညွှန်စာအုပ် Scholarship Guidebook တွင် CICF မှ ပေးအပ်သော ပညာသင်ဆု တစ်ခုချင်းစီနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဖတ်ရှုပါ။
2. ကျွန်ုပ်တို့၏ အွန်လိုင်းမှတစ်ဆင့် လျှောက်လွှာတင်သည့် ပုဂ္ဂိုလ်၏ အကြောင်းအရာတစ်ခု ဖန်တီးရန်အတွက် အချက်အလက်များကို စုစည်းပါ။
   - သင့်ကိုဆက်သွယ်ရန် အခြေခံအချက်အလက်
   - သင်၏နောက်ဆုံး ပညာရေးမှတ်တမ်းများ ဒီဂရီတယ်မိတ္တူတစ်စုံ
   - စာမေးပွဲအမှတ်များ (SAT နှင့်/သို့မဟုတ် ACT)
   - ငွေကြေးဆိုင်ရာ အချက်အလက် (FAFSA၊ SAR၊ ဆုချီးမြှင့်ကြောင်းစာများ၊ ဝင်ငွေအချက်အလက်၊ စသဖြင့်)
   - ထောက်ခံပေးမည့်ပုဂ္ဂိုလ် အနည်းဆုံးနှစ်ဦး၏ ဆက်သွယ်ရန်အချက်အလက်များ
3. ကျွန်ုပ်တို့၏ဝဗ်ဆိုက် www.cicf.org/scholarships မှတစ်ဆင့် ရယူနိုင်သော ကျွန်ုပ်တို့၏ ပညာသင်ဆု စာမျက်နှာတွင် စာရင်းတစ်ခု ဖန်တီးပါ။
4. သင့်အကြောင်းအရာကို ဖြည့်စွက်ပြီး သင်ရရှိနိုင်ခွင့်ရှိသော ပညာသင်ဆုများကို ရှာဖွေရန်အတွက် စိစစ်ရေးမေးခွန်းများကို ဖြေကြားပေးပါ။
5. စာစီစာကုံး မေးခွန်းများအတွက် ဖြေကြားချက်များကို ပြင်ဆင်ပါ။
6. သင့်စာစီစာကုံးများကို သင့်အကြောင်းအရာထဲတွင် ထပ်ပေါင်း၍မတင်ခင် အခြားတစ်ဦးတစ်ယောက်ကို စာစစ်ခိုင်းပါ။
7. လျှောက်လွှာရက်စွဲ သတ်မှတ်ရက်များအမီ သင်ရရှိနိုင်ခွင့်ရှိသော မည်သည့် ပညာသင်ဆုအတွက်မဆို လျှောက်လွှာတင်ပါ။

မေးခွန်းများရှိသလား။ ကျွန်ုပ်တို့အား 317.634.2423 သို့မဟုတ် scholarships@cicf.org တွင် ဆက်သွယ်ပါ။

THE INDIANAPOLIS FOUNDATION
A CICF AFFILIATE

CICF
CENTRAL INDIANA COMMUNITY FOUNDATION

HAMILTON COUNTY COMMUNITY FOUNDATION
A CICF AFFILIATE